အသင်တို့သည် ကဗရ်သင်္ချိုင်းများပေါ်တွင်

မထိုင်ကြနှင့် ၎င်းတို့ဘက်သို့လှည့်၍ ဆွလာသ်

မဆောက်တည်ကြနှင့်။

အဗူမရ်ဆဒ် အလ်ဂနဝီ (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အသင်တို့သည်
ကဗရ်သင်္ချိုင်းများပေါ်တွင် မထိုင်ကြနှင့် ၎င်းတို့ဘက်သို့လှည့်၍ ဆွလာသ်
မဆောက်တည်ကြနှင့်။
[صحيح] [رواه مسلم]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည်ကဗရ်သင်္ချိုင်းများပေါ်ထိုင်ခြင်းကို တားမြစ်တော်မူခဲ့သည်။ ထို့အတူကဗရ်သင်္ချိုင်းဘက်သို့ လှည့်၍ ဆွလာသ် ဆောက်တည်ခြင်းကိုလည်း တားမြစ်တော်မူသည်။ထိုသို့ဆောက်တည်ခြင်းဖြင့် ကဗရ်သည် ဆွလာသ်ဆောက်တည်သူ၏ ရှေ့တွင်ရှိ‌နေသောကြောင့် ဤသည် (ရှိရ်က်) ဖက်စပ်ယှဉ်တွဲကိုးကွယ်မှုသို့ ကျ‌ရောက်စေမည့် အကြောင်းခံတစ်ခုပင်ဖြစ်သည်။

http://www.sunnah.global/hadeeth/my/show/10647